MONTHLY
# NEWSLETTER
VOLUME [ 10 ] 1st - 31st OCTOBER - 2020

AYA SOMPO insurance

## RISK Retention & Transfer 02

「Retintion ကို ရိုးရှင်းစွာ ရှင်းလင်းဖွင့်ဆိုမည်ဆိုပါက risk တစ်ခုကြောင့် ပျက်စီးဆုံးရှုံးမှုကို အာမခံသူ သို့မဟုတ် အခြား Parties သို့ လွှဲပြောင်းပေးမည့်အစား ကိုယ်တိုက်လက်ခံရန် ဆုံးဖြတ်ခြင်းဖြစ်......」

## AYA SOMPO'S JOINT VENTURE TURNS ONE YEAR 04

## "BEST COMPANIES TO WORK IN MYANMAR - CORPORATE WINNER" ဆု လက်ခံရရှိ 05

## AYA SOMPO အာမခံမှ ကျန်းမာရေးအာမခံဝယ်ယူထားသည့် COVID-19 Positive လူနာများအား ကျန်းမာရေးအာမခံ ဆေးကုသစရိတ်များ ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိခြင်း 06

## COVID-19 ဒုတိယလှိုင်းအတွက် Quarantine Centre များနှင့် လိုအပ်ချက်များ ဆက်လက်ကူညီထောက်ပံ့ပေး...... 07

Q&A

## FIRE INSURANCE 08



No.245,
Corner of Maha Bandula Road and 46th Street,
Botahtaung Township,
Yangon, Myanmar.

info@ayasompo.com

**Customer Service:**
csinfo@ayasompo.com

**Website Link:**
www.ayasompo.com

+95-9-777100555




# RISK
## Retention & Transfer

**Risk များကို စီမံခန့်ခွဲရာတွင် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် Retention & Transfer ကို ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်......**

Risk များကို စီမံခန့်ခွဲရာတွင် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် ယခင်လတွင် Avoidance and Prevention နည်းလမ်းများကို ဆွေးနွေးတင်ပြပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး Risk များကို စီမံခန့်ခွဲသည့် နည်းလမ်းဖြစ်သော Retention & Transfer ကို ယခုလတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

Retention ကိုရိုးရှင်းစွာရှင်းလင်းဖွင့်ဆိုမည်ဆိုပါက risk တစ်ခုကြောင့် ပျက်စီးဆုံးရှုံးမှုကို အာမခံသူသို့မဟုတ် အခြား parties သို့ လွှဲပြောင်းပေးမည့်အစား ကိုယ်တိုင်လက်ခံရန် ဆုံးဖြတ်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ပိုင်ဆိုင်ထားသော သတ္တုခေါင်းမိုးတစ်ခုပျက်စီးဆုံးရှုံးမှုကို ပြန်လည်ပြင်ဆင်ရန်အတွက် အာမခံပေါ်လစီတစ်ခုဝယ်ယူပြီး လျော်ကြေးငွေရယူခြင်းထက် သီးသန့်ငွေကြေးထားရှိခြင်းဖြစ်သည်။ Retention ကို Indemnity agreements (လျော်ကြေး ပေးအပ်ခြင်းအတွက် သဘောတူညီမှု) တွင် ထည့်သွင်းလေ့ရှိပါတယ်။ မည်သည့် risk ကြောင့် ဖြစ်ပွားသော မည်သည့် ဆုံးရှုံးမှုအတွက် မည်သူက တာဝန်ယူ ဆောင်ရွက်ပေးမည်ကို ရှင်းလင်းစွာ ဖော်ပြပြီး ၎င်း risk အတွက် ကြိုတင်ပြင်ဆင်ထားခြင်းမျိုးဖြစ်ပါတယ်။



## Transfer of Risk ဆိုသည်မှာ တစ်စုံတစ်ယောက်မှ တစ်စုံတစ်ယောက်ထံတွင်သော်လည်းကောင်း၊ တစ်စုံတစ်ယောက်မှ အာမခံကုမ္ပဏီသို့လည်းကောင်း၊ အာမခံကုမ္ပဏီမှ reinsurer များထံသို့လည်းကောင်း risk ကိုလွှဲပြောင်းတာဝန်ယူစေခြင်းဖြစ်.....

နောက်ထပ် risk management technique တစ်ခုဖြစ်တဲ့ Transfer of Risk ဆိုသည်မှာ တစ်စုံတစ်ယောက်မှ တစ်စုံတစ်ယောက် ထံတွင်သော် လည်းကောင်း၊ တစ်စုံတစ်ယောက်မှ အာမခံကုမ္ပဏီသို့လည်းကောင်း၊ အာမခံကုမ္ပဏီမှ reinsurer များထံသို့ လည်းကောင်း risk ကိုလွှဲပြောင်း တာဝန်ယူစေခြင်း ဖြစ်ပါတယ်။ Insurance Industry မှာ အချို့သော risk များက တာဝန်ယူရန် အလွန်ခက်ခဲခြင်း၊ ထို risk များကို တာဝန်ယူရန်အတွက် ငွေကြေး အရင်းအနှီးများစွာလိုအပ်ခြင်းတို့ကြောင့် reinsurance, co-insurance ဆိုသည်များကို လုပ်ဆောင်လာကြပါတယ်။ ထိုသို့လုပ်ဆောင်ခြင်းမှာ risk management နည်းလမ်းများမှ transfer of risk နည်းလမ်းဖြစ်ပါတယ်။

Transfer of Risk နည်းလမ်းကို လေ့လာရာမှာ သိထားရန် လိုအပ်သည့် နည်းလမ်းတစ်ခုမှာ Hedging ဖြစ်သည်။ Hedging ဆိုသည်မှာ ပိုင်ဆိုင်ထားသောငွေကြေးအတွက် risk များပြားသော အခြေအနေတစ်ရပ်မှ ကာကွယ်ရန် ရင်းနှီးမြုပ်နှံထားခြင်းလို့ ဆိုလိုချင်ပါတယ်။ ပိုင်ဆိုင်မှုများ ဆုံးရှုံးသွားနိုင်သည့် အခွင့်အလမ်းကို အနည်းဆုံး သို့မဟုတ် လျှော့ချရန်အတွက် Hedging ကို ပြုလုပ်သည်။ ဥပမာအားဖြင့် သင်ဝယ်ယူသော အိမ်အား အာမခံထားရှိပြီး လစဉ် သတ်မှတ်ထားသော ငွေကြေးပေးသွင်းလျက်ရှိသည့် အခြေအနေတွင် မီးလောင်မှုဖြစ်ပွားပါက သင့်အိမ်တစ်ခုလုံး လုံးဝဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။ ထိုသို့သော ပိုင်ဆိုင်မှုတန်ဖိုးဆုံးရှုံးမှုဖြစ်ပွားပါက Hedging နည်းလမ်းဖြင့် ဆောင်ရွက်ထားသူသည် သတ်မှတ်ထားသော deductible amount ကိုသာ ဆုံးရှုံးပြီး အိမ်တစ်ခုလုံး၏ တန်ဖိုးတစ်ခုလုံး ဆုံးရှုံးခြင်းမှ ကာကွယ်ပါသည်။

Retention & transfer of risk နည်းလမ်းများမှာ risk-financing techniques (risk များကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ငွေကြေး ကြိုတင်စီမံခန့်ခွဲသည့်) နည်းလမ်းများ ဖြစ်ကြပါတယ်။ Risk Management techniques များကို ယခင်လနှင့် ယခုလတွင် အကျယ်တဝင့် ရှင်းလင်းဖော်ပြပြီး ဖြစ်ပါတယ်။ Risk တစ်ခုအတွက် စီမံဆောင်ရွက်ရာမှာ ထိုဖော်ပြခဲ့သော နည်းလမ်းများမှာ တစ်ခါတစ်ရံတွင် နည်းလမ်းတစ်ခုတည်းသော်လည်းကောင်း၊ တစ်ခါတစ်ရံတွင် တစ်ခုထက်ပိုသော နည်းလမ်းများကို အသုံးပြုလေ့ ရှိကြပါတယ်။

ထို့ကြောင့် ယခု လေ့လာခဲ့သော Risk Management ဆိုသည်မှာ တွေ့ကြုံနိုင်သည့် ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရသော အခြေအနေများမှ လွတ်မြောက်စေရန် သင့်လျော်သော နည်းစနစ်များကို အသုံးပြု၍ ဆုံးရှုံးမှုများမှ လျော့ပါးသက်သာအောင် သို့မဟုတ် အပြည့်အဝပြန်လည် ကောင်းမွန်လာစေရန် ဆောင်ရွက်သည့် လုပ်ငန်းစဉ် ဖြစ်ပါတယ်။ ဆက်လက်ပြီး နောက်လများတွင်လည်း အာမခံနှင့် ပတ်သက်သော ဗဟုသုတများကို လည်း ဝေမျှသွားမည် ဖြစ်တဲ့အတွက် ဆက်လက်ဖတ်ရှုပေးပါရန် တိုက်တွန်း အပ်ပါတယ်ရှင့်။

# AYA SOMPO's Joint Venture Turns One Year

၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၇) ရက်နေ့တွင် AYA SOMPO အာမခံကုမ္ပဏီအနေဖြင့် အကျိုးတူလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်း တစ်နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ ယခု တစ်နှစ်တာကာလသည် AYA SOMPO အာမခံအတွက် စိတ်လှုပ်ရှားစရာများ၊ စိန်ခေါ်မှုများစွာကို ပူးပေါင်းကျော်ဖြတ်ခဲ့ရုံသာမက ကုမ္ပဏီနှင့် လူမှုပတ်ဝန်းကျင်အတွက် အထောက်အကူပြုနိုင်သော ခရီးတစ်ခု ဖြစ်ခဲ့ပါသည်။ AYA SOMPO အာမခံအနေဖြင့် မြန်မာ့အာမခံဈေးကွက်တွင် ခိုင်မာသော Brand တစ်ခုအဖြစ် တည်ဆောက်နိုင်ခဲ့ပြီး မြန်မာ ပြည်သူပြည်သားများ၏ လိုအပ်ချက်နှင့် ကိုက်ညီသော အာမခံအမျိုးအစားများစွာကိုလည်း ဝန်ဆောင်မှုပေးနိုင်ခဲ့ပါသည်။ AYA SOMPO အာမခံအနေဖြင့်လည်း နောင်လာမည့် ခရီးသစ်များကို ကျွန်ုပ်တို့၏ လူ့စွမ်းအား နည်းပညာစွမ်းအား ကြိုးစားအားထုတ်မှု စသော အားအင်အသစ်များဖြင့် အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်သွားဖို့အတွက် အသင့် ဖြစ်နေပြီ ဖြစ်သည်။









# "Best Companies to Work in Myanmar - Corporate Winner" ဆု လက်ခံရရှိ




JobNet မှ စီစဉ်ပြုလုပ်သော "Best Companies to Work in Myanmar 2020" Campaign တွင် AYA SOMPO အာမခံမှ "Best Companies to Work in Myanmar - Corporate Winner" အဖြစ် ရွေးချယ် သတ်မှတ်ခြင်း ခံခဲ့သည့်အတွက် ဝမ်းမြောက် ဂုဏ်ယူမိပါသည်။

"Best Companies to Work in Myanmar" ဆုကို ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့တွင် JobNet ၏ တာဝန်ရှိပုဂ္ဂိုလ်များမှ AYA SOMPO အာမခံရုံးချုပ်သို့ လာရောက်ပေးအပ်ခဲ့ပြီး CEO ဦးမျိုးမင်းသူနှင့် COO Mr.Keiji Okada မှ ဆုလက်ခံရယူခဲ့ပါသည်။

AYA SOMPO အာမခံမှ JobNet ၏ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တကွ ပါဝင်ခဲ့ကြသော AYA SOMPO မှ ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း နှင့် "Best Companies to Work in Myanmar" ဟူသော သတ်မှတ်ချက်နှင့်အညီ ဝန်ထမ်းများ၏ စိတ်ချရမှုနှင့် လုံခြုံမှုကို ရှေးရှု၍ ပိုမိုကောင်းမွန်အောင် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။





# AYA SOMPO အာမခံမှ ကျန်းမာရေးအာမခံဝယ်ယူထားသည့် COVID-19 Positive လူနာများအား ကျန်းမာရေးအာမခံ ဆေးကုသစရိတ်များ ပေးအပ်ရန် စီစဉ်ဆောင်ရွက်ထားရှိခြင်း

COVID-19 ဗိုင်းရပ်စ် ရောဂါကူးစက်မှုများ များပြားလာသည်နှင့်အတူ COVID-19 Positive လူနာများအနေဖြင့် အနည်းနှင့်အများ ဆုံးရှုံးမှုများ ဖြစ်လျက်ရှိပါတယ်။ AYA SOMPO အာမခံမှ ကျန်းမာရေးအာမခံ ဝယ်ယူထားသည့် COVID-19 Positive လူနာများအား တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ တစ်ခုအဖြစ် ကျန်းမာရေးအာမခံ ဆေးကုသစရိတ်များကို ပေးအပ်သွားမှာ ဖြစ်ပါတယ်။

COVID – 19 ကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုများကို အကာအကွယ်ပေးသည့် ပထမဆုံးကုမ္ပဏီဖြစ်သည့်အတွက် လျော်ကြေးဝန်ဆောင်မှုများ အဆင်ပြေ မြန်ဆန်စေရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးလုံခြုံမှုကို ရှေးရှု၍ လျော်ကြေးငွေများ ပေးအပ်သွားမှာ ဖြစ်ပါတယ်။ ယခုကဲ့သို့ ခက်ခဲချိန်တွင် ပြည်သူများ၏ အဆင်ပြေမှုကို ဦးစားပေးပြီး ရှေ့တန်းမှနေ၍ လျော်ကြေးဝန်ဆောင်မှုများ ပေးနိုင်ရန် ဆောင်ရွက်ပေးနေသည့် AYA SOMPO အာမခံမှ ဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

“Your Partner for Life” ဟူသည့် AYA SOMPO အာမခံ၏ ဆောင်ပုဒ်နှင့်အညီ AYA SOMPO အာမခံမှ ယခုကဲ့သို့ ခက်ခဲသော အချိန်ကာလများတွင် ပြည်သူများအတွက် တစ်ထောင့်တစ်နေရာမှ လက်တွဲကူညီခွင့်ရရှိသည့်အတွက် ဂုဏ်ယူမိပါကြောင်းနှင့် ဆက်လက်၍လည်း မြန်မာပြည်သူများ၏ အခက်အခဲများကို လက်တွဲကူညီပေးဖို့အတွက် အသင့်ရှိနေမှာ ဖြစ်ပါတယ်။



# COVID-19 ဒုတိယလှိုင်းအတွက် Quarantine Centre များနှင့် လိုအပ်ချက်များ ဆက်လက်ကူညီထောက်ပံ့ပေး



COVID-19 ကူးစက်မှု လျင်မြန်စွာ မြင့်တက်လျက်ရှိရာ ရောဝတီဖောင်ဒေးရှင်းအနေဖြင့် ရောဝတီဘာဏ် သင်တန်းကျောင်းနှင့် အမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်)တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ Quarantine Centre များအဖြစ် ထားရှိနိုင်ရန် စီမံဆောင်ရွက်ထားရှိပါသည်။








COVID-19 ကာကွယ် ကုသရေး အင်တိုက်အား တိုက်ဆောင်ရွက်လျက်ရှိကြသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း (၁၀၉) ဦးကို ၂၀၂၀ စက်တင်ဘာလ (၆) ရက်နေ့မှ စတင်၍ လက်ခံထားရှိစေပြီး ၎င်းတို့၏ နေရေးထိုင်ရေးနှင့် စားသောက်ရေး ကိစ္စအဝဝကို ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ယူ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။




# FIRE INSURANCE

**Question** : အာမခံထားသူ နာမည်ပြောင်းရန်အတွက် ဘာလိုအပ်ပါသလဲ။

**Answer** : အာမခံနာမည် ပြောင်းမည့်သူ၏ မှတ်ပုံတင်၊ သွေးသား/ဆွေမျိုးသားချင်းတော်စပ်ပါက သန်းခေါင်စာရင်းမိတ္တူ၊ ဝယ်ယူထားခြင်းဖြစ်ပါက အရောင်းအဝယ်စာချုပ် လိုအပ်ပါတယ်။

**Question** : အချက်အလက်တစ်စုံတစ်ရာ ပြောင်းလဲလိုပါက အာမခံကုမ္ပဏီကို အကြောင်းကြားရန် လိုအပ်ပါသလား။

**Answer** : မီးအာမခံတွင် လိပ်စာပြောင်းလဲခြင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် တိုးချဲ့ခြင်းများ ဖြစ်ပေါ်ပါက စာနှင့် AYA SOMPO အာမခံသို့ အကြောင်းကြားရန် လိုအပ်ပါသည်။

**Question** : မီးအာမခံတွင် ပြန်အမ်းငွေ (သို့) ပေါ်လစီ ဖျက်သိမ်းလိုပါက ဘယ်လိုပြုလုပ်ရမလဲ။

**Answer** : မီးအာမခံတွင် ပေါ်လစီလုပ်ပြီး (၆)လကျော်ပါက ပြန်အမ်းငွေ မပေးတော့ပါ။ ပေါ်လစီဖျက်သိမ်းလိုပါက ဖျက်သိမ်းမည့် အကြောင်းကြားစာကို ရေးပေးရပါမည်။




